ကန့်သတ်

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ (၁၇.၁၂.၂၀၁၉)ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် လမ်းများ၊ တံတားများဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၁) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ် လမ်းများ၊ တံတားများ ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဥပဒေ ပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၉၊ နည်းဥပဒေခွဲ(ခ)အရ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းညဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင် ဦးစိုင်းထွန်းညဏ်ဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်လမ်းများ၊ တံတားများ ဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ် သုံးသပ်တင်ပြသည့် အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**နိဒါန်း**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး၌ ပင်းတယ မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း တင်သွင်းသည့် ရှမ်းပြည်နယ်လမ်းများ၊ တံတားများ ဥပဒေ(မူကြမ်း)အပေါ် ပြည်နယ်လွှတ်တော်က နည်းဥပဒေ ၁၃၆ (ခ)(၃)အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေး ဆိုင်ရာ ကော်မတီသို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီ အစည်းအဝေးကို (၃၁.၇.၂၀၁၈) ရက်နေ့၊ (၁.၈.၂၀၁၈) ရက်နေ့၊ (၂၇.၈.၂၀၁၈) ရက်နေ့နှင့် (၁၈.၁၁.၂၀၁၉) ရက်နေ့များတွင် လွှတ်တော်ရေးရာကော်မတီအခန်း(၁)၌ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်များ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ်လမ်းဦးစီးဌာန၊ ပြည်နယ်အထွေထွေ

အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်နယ်စည်ပင်သာယာရေးဌာနနှင့် ပြည်နယ်သစ်တော ဦးစီးဌာနတို့မှ တာဝန်ရှိသူများက စိစစ်သုံးသပ် ညှိနှိုင်းဆွေးနွေးကြပြီး ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်းဖြစ်ပါတယ်။

**လေ့လာတွေ့ရှိချက်**

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကဏ္ဍ (၆)နှင့်အညီ ရှမ်းပြည်နယ် လမ်းများ၊ တံတားများဥပဒေ(မူကြမ်း)ကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (တတိယနေ့) (၃၀.၅.၂၀၁၈)ရက်တွင် ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းက တင်သွင်းခဲ့ပါတယ်။ ဤဥပဒေမှာ ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄ ၊ အမြန်လမ်းမကြီးများဥပဒေနှင့် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၆၀ ၊ အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေ စသည့်ဥပဒေများကို ကိုးကား၍ ပြုစုရေးဆွဲထားခြင်းဖြစ်ပါတယ်။

ဥပဒေ(မူကြမ်း)တွင် အခန်းပေါင်း (၇)ခန်း၊ ပုဒ်မပေါင်း (၃၆)ခု ပါဝင်ပြီး ပြင်ဆင်ဖြည့်စွက်သင့်သည့် တစ်ပိုဒ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များကို ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်အားလုံးက သဘောတူညီဆုံးဖြတ်ပြီး အစီရင်ခံစာကို ပြုစုတင်သွင်းခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၄ အရ ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ဆင်ထား သောကန့်လန့်ဖြတ်ဇယားပါ အပိုဒ်တစ်ခုချင်းကို စာမျက်နှာအလိုက် တင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေပြုရေးဆိုင်ရာကော်မတီကနေပြီးတော့မှ အမှတ်စဉ် တစ်ခုချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းညာဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** တင်ပြချက်။ ဥပဒေ(မူကြမ်း)အပေါ် ပြင်ဆင်ဖြည့်စွက်ရန် အကြံပြုချက်မှာ အမှတ်စဉ်(၁)ဖြစ်ပါတယ်။ နိဒါန်းအဖြစ် ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂) ဖြစ်ပါတယ်။ အခန်း (၁) ပုဒ်မ ၁ အဖြစ်

(က) ဤဥပဒေကို ရှမ်းပြည်နယ် လမ်းများ၊ တံတားများဥပဒေဟု ခေါ်တွင်စေရမည်။

( ခ) ဤဥပဒေသည် ရှမ်းပြည်နယ်အတွင်းရှိ ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် လမ်းများ၊ တံတားများနှင့် အကျုံးဝင်သက်ဆိုင်စေရမည်။

ဟုဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ခ) အဖြစ် အစိုးရအဖွဲ့ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄) ဖြစ်ပါတယ်။ အခန်း (၁)၊ ပုဒ်မ ၂(ဂ)အဖြစ် ဝန်ကြီးဌာန ဆိုသည်မှာ အစိုးရအဖွဲ့က လမ်းနှင့် တံတားလုပ်ငန်းများအတွက် တာဝန်ပေးအပ်ထားသော ဝန်ကြီးဌာန များကို ဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၅) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂ (ဂ) ကို ပုဒ်မ ၂ (ဃ) အဖြစ်၊ ပုဒ်မ ၂ (ဃ) ကို ပုဒ်မ ၂ (င) အဖြစ်၊ ပုဒ်မ ၂ (င) ကို ပုဒ်မ ၂ (စ) အဖြစ်၊ ပုဒ်မ ၂ (စ) ကို ပုဒ်မ ၂ (ဆ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၁)မှ(၅)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၁) မှ (၅) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းထွန်းညဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၆) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဃ)အဖြစ် **ဝန်ကြီး**ဆိုသည်မှာ အစိုးရအဖွဲ့က လမ်းနှင့် တံတား လုပ်ငန်းများ တာဝန်ပေးအပ်ထားသော သက်ဆိုင်ရာဝန်ကြီးကို ဆိုသည်ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၇) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(င)အဖြစ် ပြည်နယ်၏ လမ်း၊ တံတား လုပ်ငန်းဆိုသည်မှာ ပုဒ်မ၂ (ဂ)ပါ သက်ဆိုင်ရာဝန်ကြီးဌာနများအောက်ရှိ ဦးစီးဌာနများ၏ လမ်း၊ တံတားတည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆိုသည်ဟုဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၈) ဖြစ်ပါတယ်။ အခန်း (၁)၊ ပုဒ်မ ၂(စ)အဖြစ် လမ်းမ၊ လမ်းသွယ်၊ လမ်းကြားဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောတူညီချက်များဖြင့် ထုတ်ပြန် သတ်မှတ် ကြေညာထားသည့် လမ်းများကိုဆိုသည်။ ယင်းစကားရပ်တွင် လမ်းတစ်ဖက် တစ်ချက်ရှိ လမ်းနယ်နိမိတ်နှင့် ပြည်ထောင်စု လမ်းမကြီး၊ လမ်းမ၊ လမ်းသွယ်၊ လမ်းကြားများ ပေါ်ရှိ တံတားများလည်းပါဝင်သည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၉) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဆ)အဖြစ် တံတားဆိုသည်မှာ အစိုးရ အဖွဲ့က စီမံခန့်ခွဲသည့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန် သတ်မှတ် ကြေညာထားသည့် တံတားများကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၀) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဇ) အဖြစ် အဆောက်အအုံဆိုသည်မှာ ဆောက်လုပ်ရေးပစ္စည်း တစ်ခုခုဖြင့် ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ ဆောက်လုပ်သည့် အိမ်၊ တိုက်၊ တဲ၊ တစ်ဖက်ယပ်၊ အခြားအဆောက်အဦ သို့မဟုတ် ယင်းတို့၏ အစိတ်အပိုင်းကို ဆိုသည်ဟုဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၆)မှ(၁၀)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၆) မှ (၁၀) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏

အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းထွန်းညဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၁) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(စျ)အဖြစ် လမ်းနယ်နိမိတ်ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် လမ်းအဆင့်အတန်းအလိုက် သတ်မှတ်လမ်းအကျယ်ကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၂) ဖြစ်ပါတယ်။ အခန်း (၁)၊ ပုဒ်မ၂(ည)အဖြစ် ခံနိုင်ဝန်ဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနများက သတ်မှတ်ခွင့်ပြုထားသည့်ယာဉ်နှင့် ကုန်စုစုပေါင်းအလေးချိန်ကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၁၃) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂ (ဆ) ကို ပုဒ်မ ၂ (ဋ) အဖြစ်၊ ပုဒ်မ ၂ (ဇ) ကို ပုဒ်မ ၂ (ဌ) အဖြစ်၊ ပုဒ်မ ၂ (စျ) ကို ပုဒ်မ ၂ (ဍ) အဖြစ်၊ ပုဒ်မ ၂ (ည) ကို ပုဒ်မ ၂ (ဎ) အဖြစ်၊ ပုဒ်မ ၂ (ဋ) ကို ပုဒ်မ ၂ (ဏ) အဖြစ်၊ ပုဒ်မ ၂ (ဌ) ကို ပုဒ်မ ၂ (တ) အဖြစ်၊ ပုဒ်မ ၂ (ဍ) ကို ပုဒ်မ ၂ (ထ) အဖြစ်၊ ပုဒ်မ၂(ဎ)ကိုပုဒ်မ၂(ဒ)အဖြစ်ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၁၄) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဋ)အဖြစ် **ယာဉ်**ဆိုသည်မှာ စက်အားဖြင့်ဖြစ်စေ၊ လျှပ်စစ်ဓာတ်အားကို အသုံးပြု၍ဖြစ်စေ၊ စွမ်းအင်တစ်မျိုးမျိုး၏ စွမ်းအားဖြင့်ဖြစ်စေ မြေပြင်၊ ရေပြင်ပေါ်တွင် မောင်းနှင်သွားလာသည့် ယာဉ်အမျိုးမျိုးကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၅) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဌ)အဖြစ် အနှေးယာဉ် ဆိုသည်မှာ အများပြည်သူဆိုင်ရာ လမ်းပေါ်တွင် သွားလာခွင့်ရှိသည့် စက်ဘီး၊ တိရစ္ဆာန်ဆွဲလှည်း၊ လက်တွန်းလှည်း၊ လက်ဆွဲလှည်း၊ ဘေးတွဲ သို့မဟုတ် နောက်တွဲဆိုက်ကား အစရှိသည်တို့ကို ဆိုသည် ဟုဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၆)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဍ)အဖြစ် လမ်းကွန်ရက်ဆိုသည်မှာ ပြည်ထောင်စုလမ်းမကြီး၊ လမ်းမကြီး၊ လမ်းမ၊ လမ်းသွယ်၊ လမ်းကြားများကို ဆက်သွယ်ပေါင်းစပ်ချိတ်ဆက်ထားသည့် လမ်းအစုအဝေးကိုဆိုသည် ဟုဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၇) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(တ)အဖြစ် လမ်းဆိုင်းဘုတ်ဆိုသည်မှာ ပြည်ထောင်စုလမ်းမကြီး၊ လမ်းမကြီး၊ လမ်းမ၊ လမ်းသွယ်၊ လမ်းကြားတစ်လျှောက်၊ လမ်းဆုံလမ်းခွဲများနှင့် တံတားများတွင် အန္တရာယ်သတိပေး လမ်းညွှန်းများ၊ တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်း လမ်းညွှန်းများ၊ အမိန့်ပေးခြင်းလမ်းညွှန်းများ၊ ညွှန်ပြခြင်းလမ်းညွှန်းများ စသည့်ဆိုင်းဘုတ်များကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၁၁)မှ(၁၇)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၁)မှ(၁၇) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းထွန်းညဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၈) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ထ)အဖြစ် ယာဉ်ရပ်နားစခန်း ဆိုသည်မှာ ခရီးသည်များ၊ ယာဉ်များ ခေတ္တရပ်နားရန် သတ်မှတ်ထားသော ရပ်နားစခန်းကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၉)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဒ)အဖြစ် ပြည်ထောင်စုလမ်းမကြီး၊ လမ်းမကြီး၊ လမ်းမ၊ လမ်းသွယ်၊ လမ်းကြား အင်္ဂါရပ်များဆိုသည်မှာ ပြည်ထောင်စုလမ်းမကြီး၊ အမြန် လမ်းမကြီး၊ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြားများပေါ်တွင် ဖွဲ့စည်းပါဝင်သည့်

လမ်းကွန်ရက်၊ ကူးပြောင်းလမ်း၊ လမ်းတာပေါင်၊ တံတား၊ ရေထုတ်ပြွန်၊ ယာဉ်သွားလမ်း၊ လမ်းပခုံး၊ လမ်းနယ်နိမိတ်၊ ရေမြောင်း၊ မိုင်တိုင် သို့မဟုတ် ကီလိုမီတာတိုင်၊ အသိပေး၊ သတိပေး၊ ကန့်သတ်ချက်၊ တားမြစ်ချက်များ ဖော်ပြထားသည့် ဆိုင်းဘုတ်များ၊ အရာဝတ္ထုများ၊ သတိပေးခြင်း ဆိုင်ရာ အီလက်ထရောနစ်ကိရိယာ၊ ယာဉ်ရပ်နားစခန်း ဆက်သွယ်ရေးလမ်း သို့မဟုတ် ကုန်ထုတ်လမ်း၊ လမ်းအသုံးပြုခ ကောက်ခံရေးစခန်း၊ အုပ်ချုပ်မှုနှင့် ထိန်းသိမ်းရေးစခန်း တို့ကို ဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၀) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ခ)အဖြစ် တံတားအင်္ဂါရပ်ဆိုသည်မှာ ကမ်းကပ်ခုံ၊ ရေလယ်တိုင်၊ အပေါ်ထည် ယာဉ်သွားလမ်း၊ လူသွားလမ်း၊ လက်ရန်းစသည် တို့ကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၂၁) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဏ) ကို ပုဒ်မ ၂ (န) အဖြစ်၊ ပုဒ်မ ၂ (တ) ကို ပုဒ်မ ၂ (ပ) အဖြစ်၊ ပုဒ်မ ၂ (ထ) ကို ပုဒ်မ ၂ (ဖ) အဖြစ်၊ ပုဒ်မ ၂ (ဒ) ကို ပုဒ်မ ၂ (ဗ) အဖြစ်၊ ပုဒ်မ ၂ (ခ)ကို ပုဒ်မ ၂ (ဘ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၁၈)မှ(၂၁)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၈)မှ(၂၁) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းထွန်းညဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၂၂)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ပ)အဖြစ် အသုံးပြုခြင်းဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီး

ဌာနများက သတ်မှတ်သော လမ်းများ၊ တံတားများကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းကို ဆိုသည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၃) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဖ)အဖြစ် အသုံးပြုခဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်သော လမ်းများ၊ တံတားများကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းအတွက် ပေးဆောင်ရမည့်အခကြေးငွေကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၄) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဗ)အဖြစ် ကြီးကြပ်သူဆိုသည်မှာ အသုံးပြုခ ကောက်ခံရေးကို ကြီးကြပ်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက သတ်မှတ်ထားသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည် ဟုဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၅) ဖြစ်ပါတယ်။ အခန်း (၁)၊ ပုဒ်မ ၂(ဘ) အဖြစ် ကောက်ခံသူဆိုသည်မှာ အသုံးပြုခကောက်ခံရန်အတွက် ကြီးကြပ်သူက တာဝန်ပေးအပ်သူကို ဆိုသည်ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၆)ဖြစ်ပါတယ်။ အခန်း(၂)၊ ပုဒ်မ ၃ အဖြစ် ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လမ်းများ၊ တံတားများ တည်ဆောက်ခြင်းအားဖြင့် ရှမ်းပြည်နယ်နှင့် ဆက်စပ်လျက်ရှိသော အခြားပြည်နယ်များ၊ တိုင်းဒေသကြီးများ၊ နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသော အိမ်နီးချင်းနိုင်ငံများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာများအကြား လမ်းပန်းဆက်သွယ်မှု လွယ်ကူစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန်နှင့် နယ်မြေဒေသအားလုံး စီးပွားရေး၊ လူမှုရေးအပါအဝင် ဘက်စုံမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ကုန်စည် စီးဆင်းမှု လျင်မြန်လာစေရေးနှင့် လူမှုစီးပွားဘဝတိုးတက်မြင့်မားစေရေးတို့ကို အထောက်အကူဖြစ်စေရန်၊

(ဂ) ပြည်နယ်၏ နယ်နိမိတ်နှင့် ဆက်စပ်လျက်ရှိသော နိုင်ငံများနှင့် လမ်းများ၊ တံတားများတည်ဆောက်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်နယ်အတွက် လုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊

(ဃ) လမ်းများ၊ တံတားများကို အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ လမ်းများ၊ တံတားများ ကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ လူပုဂ္ဂိုလ်၊ မော်တော်ယာဉ်နှင့် ရထားစသည်တို့၏ လမ်း၊ တံတားအသုံးပြုမှုအပေါ် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရန်၊

(င) လမ်းများ၊ တံတားများပေါ်တွင် ဖြတ်သန်းသွားလာ အသုံးပြုခြင်းနှင့် စပ်လျဉ်း ၍ စနစ်တကျ ကွပ်ကဲနိုင်ရန်နှင့် အခွန်အခများ ကောက်ခံရရှိနိုင်ရန်၊

(စ) လမ်းများ၊ တံတားများကို အသုံးပြုသူများ ဘေးအန္တရာယ် ကင်းရှင်းစေရန်နှင့် လမ်း၊ တံတားများ လုံခြုံရေး ရေရှည် တည်တံ့ခိုင်မြဲရေးကို ဆောင်ရွက်ရန်၊

(ဆ) လမ်းများ၊ တံတားများကို ပုံမှန်စစ်ဆေး၍ သက်တမ်းကျော်လွန်သော လမ်း၊ တံတားများကို အမြန်ပြန်လည် တည်ဆောက်ပေးခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းများ ပြုလုပ်၍ ရေရှည်အသုံးပြုနိုင်သော လမ်း၊ တံတားများ ဖြစ်စေရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၇) ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(က)အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများကို ဘေးအန္တရာယ်ကင်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများချမှတ်ခြင်း ဟုဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၈)ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(ခ) အဖြစ် လမ်းများ၊ တံတားများ တည်ဆောက်ရေးအတွက် နှစ်တိုနှစ်ရှည်စီမံကိန်းများနှင့် အထူးစီမံကိန်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၉) ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(ဂ) အဖြစ် အိမ်နီးချင်းနိုင်ငံများနှင့် ချိတ်ဆက်သည့် ပြည်နယ်အတွင်းရှိ လမ်းများနှင့် တံတားများကို နှစ်ဘက်ပြည်ထောင်စု

အစိုးရများ၏ သဘောတူညီချက်များဖြင့် စီမံကိန်းချမှတ်၍ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃၀) ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(ဃ) အဖြစ် လမ်းများ၊ တံတားများ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း စီမံကိန်းများကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြီးကြပ်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃၁) ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(င) အဖြစ် လမ်းများ၊ တံတားများ အသစ် တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ လမ်းနှင့် တံတားကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ တည်ဆောက်ပြီး လမ်းများ၊ တံတားများကို ပြုပြင်ထိန်းသိမ်းခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ စံချိန်စံညွှန်းနှင့် စည်းကမ်းသတ်မှတ်ခြင်း၊ အခြားလုပ်ငန်းများနှင့်ဆက်စပ်၍ သက်ဆိုင်ရာဦးစီးဌာနများကို လမ်းညွှန်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃၂) ဖြစ်ပါတယ်။ မူလအခန်း (၃)၊ ပုဒ်မ ၄ (စ)ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၃၃)ဖြစ်ပါတယ်။ အခန်း (၃)၊ ပုဒ်မ ၄ (ဆ)ကို ပုဒ်မ ၄(စ)အဖြစ်၊ ပုဒ်မ ၄ (ဇ)ကို ပုဒ်မ ၄(ဆ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၂၂)မှ(၃၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၂၂)မှ (၃၃) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းထွန်းညဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၃၄) ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(စ)အဖြစ် လမ်းများ၊ တံတားများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ လုံခြုံရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃၅)ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(ဆ) အဖြစ် လမ်းများ၊ တံတားများ၏ နယ်နိမိတ်ကို အတည်ပြု သတ်မှတ်ကြေညာခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃၆) ဖြစ်ပါတယ်။ မူလအခန်း(၃)၊ ပုဒ်မ ၄(ဈ)ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၃၇) ဖြစ်ပါတယ်။ အခန်း (၃)၊ ပုဒ်မ ၄ (ည)ကို ပုဒ်မ ၄(ဇ)အဖြစ်၊ ပုဒ်မ ၄ (ဋ) ကို ပုဒ်မ ၄(ဈ) အဖြစ်၊ ပုဒ်မ ၄(ဌ) ကို ပုဒ်မ ၄(ည)အဖြစ်၊ ပုဒ်မ ၄ (ဍ)ကို ပုဒ်မ ၄(ဋ)အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ်(၃၈) ဖြစ်ပါတယ်။ အခန်း (၃)၊ ပုဒ်မ ၄(ဇ) အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများကို အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေးအဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးနှင့် ဖက်စပ်လုပ်ကိုင်ခြင်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၉) ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(ဈ)အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများ တည်ဆောက်ခြင်း၊ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းများ ပြုလုပ်ရာတွင် မြေသိမ်းယူခြင်း၊ အဆောက်အအုံဖယ်ရှားခြင်းများကို တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၀) ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(ည)အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများကို အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများနှင့်

စပ်လျဉ်း၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် နည်းပညာဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၁) ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(ဠ) အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများ အသစ်တည်ဆောက်ရာတွင် လိုအပ်သော စက်ကိရိယာပစ္စည်းများကို ပြည်ထောင်စု အစိုးရ၊ ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ တို့၏ သဘောတူညီချက်များဖြင့် ပြည်ပနိုင်ငံများမှ မှာယူ၊ ဝယ်ယူ တင်သွင်းခွင့်ပြုခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၂)ဖြစ်ပါတယ်။ မူလ အခန်း(၃)၊ ပုဒ်မ ၄(ဃ) ကိုပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ် (၃၄)မှ(၄၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၃၄)မှ (၄၂) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းထွန်းညဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၄၃) ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၅ အဖြစ် အစိုးရအဖွဲ့သည် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့် အညီ-

(က) အသုံးပြုခ ကောက်ခံမည့် လမ်းများ၊ တံတားများကို သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ သတ်မှတ်နိုင်သည်၊

( ခ) အသုံးပြုခ ကောက်ခံနိုင်ရန် နှုန်းထားကို သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ သတ်မှတ်နိုင်သည်၊

( ဂ) အသုံးပြုခကောက်ခံရမည့် ယာဉ်အမျိုးအစားနှင့်ဝန်အလေးချိန်ကိုသက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ သတ်မှတ်နိုင်သည်၊

(ဃ) အသုံးပြုခ ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်၊

( င) ပြည်နယ်ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် လမ်းများ၊ တံတားများအတွက် ကောက်ခံရရှိသည့် လမ်း၊ တံတား အသုံးပြုခ ငွေများကို ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၄) ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၆ အဖြစ် ကြီးကြပ်သူသည်-

(က) အသုံးပြုခကို သတ်မှတ်သည့် နှုန်းထားအတိုင်း ကောက်ခံနိုင်ရေးအတွက် တာဝန်ယူကြီးကြပ်ရမည်၊

( ခ) အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှအပ မည်သူမျှ ကောက်ခံခြင်းမပြုရန် ကြီးကြပ်ရမည်၊

( ဂ) ကောက်ခံသူအား ယာဉ်မောင်း သို့မဟုတ် အသုံးပြုသူထံမှ သတ်မှတ်ထားသော နှုန်းထားအတိုင်း ကောက်ခံရန် ကြီးကြပ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၅) ဖြစ်ပါတယ်။ အခန်း(၄) ခေါင်းစဉ်အဖြစ် ပြည်နယ်အဆင့်ဦးစီးဌာနများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၆) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၇ အဖြစ် ပြည်နယ်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်သောဦးစီးဌာနများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၇) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၇(က) အဖြစ် ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှုများ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရအဖွဲ့က ချမှတ်ထားသည့်မူဝါဒများနှင့်အညီအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၈) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၇(ခ) အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများ အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းများနှင့် စပ်လျဉ်း၍ နှစ်တိုနှစ်ရှည် စီမံကိန်းများ၊ အထူးစီမံကိန်းများနှင့် အခြားလုပ်ငန်း အစီအစဉ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များ(မူကြမ်း)ကို ရေးဆွဲ၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၉) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၇(ဂ)အဖြစ် သတ်မှတ်ကာလအတွင်း စီမံကိန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အောင်မြင်စွာ ပြီးစီးရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၀) ဖြစ်ပါတယ်။ အခန်း (၄)၊ ပုဒ်မ ၇(ဃ) အဖြစ် ပြည်နယ်နှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော အိမ်နီးချင်းနိုင်ငံများ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာချင်းဆက်လမ်း၊ တံတားများကို အသစ်တည်ဆောက်ရေးအတွက် အကြိုဖြစ်မြောက် နိုင်စွမ်းစူးစမ်းလေ့လာခြင်း၊ လမ်းအူကြောင်းများရှာဖွေခြင်း၊ တိုင်းတာခြင်း၊ ဒီဇိုင်းများ ရေးဆွဲခြင်း များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက် ရယူ ဆောင်ရွက်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၁) ဖြစ်ပါတယ်။ အခန်း (၄)၊ ပုဒ်မ ၇(င)အဖြစ် သက်ဆိုင်ရာဦးစီးဌာနများသည် ဒေသ၏လိုအပ်ချက်အရ လယ်မြေ၊ ယာမြေနှင့် အခြားမြေများအား ဖြတ်သန်း၍ လမ်းသစ်များ၊ တံတားသစ်များ တည်ဆောက်ပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်းဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၃)မှ(၅၁)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၄၃)မှ(၅၁) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းထွန်းညာဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၅၂)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၇(စ)အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများ ရေရှည်တည်တံ့ရေးအတွက် တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၃) ဖြစ်ပါတယ်။ မူလအခန်း (၄)၊ ပုဒ်မ၇ (ဆ)ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၅၄)ဖြစ်ပါတယ်။ မူလအခန်း (၄)၊ ပုဒ်မ ၇(ဇ)ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ် (၅၅) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၇(ဈ)ကို ပုဒ်မ ၇(ဆ)အဖြစ်၊ ပုဒ်မ ၇(ည)ကို ပုဒ်မ ၇(ဇ) အဖြစ်၊ ပုဒ်မ ၇(ဋ)ကို ပုဒ်မ ၇(ဈ)အဖြစ်၊ ပုဒ်မ ၇(ဌ)ကို ပုဒ်မ ၇(ည)အဖြစ်၊ ပုဒ်မ ၇(ဍ) ကို ပုဒ်မ ၇(ဋ)အဖြစ်၊ ပုဒ်မ ၇(ဎ)ကို ပုဒ်မ ၇(ဌ)အဖြစ်၊ ပုဒ်မ ၇(ဏ)ကို ပုဒ်မ ၇(ဍ)အဖြစ်၊ ပုဒ်မ ၇(တ)ကို ပုဒ်မ ၇(ဎ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၅၆) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၇(ဆ)အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများကို တိုးချဲ့ရာတွင်လည်းကောင်း၊ ပြင်ဆင်ရာတွင်လည်းကောင်း၊ အရေးပေါ် လုံခြုံရေးအရလည်းကောင်း အချိန်ကာလသတ်မှတ်၍ ပိတ်ထားပါက သွားလာနိုင်ရန်အတွက် လမ်းလွှဲ ဖောက်လုပ်ပေးခြင်းဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၇) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၇(ဇ)အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများပေါ်တွင် မောင်းနှင်သွားလာခွင့်မပြုသည့် ယာဉ်နှင့် ဘီးအမျိုးအစားကိုလည်းကောင်း၊ ယာဉ်နှင့် ဝန်တင်အလေးချိန်ကိုလည်းကောင်း၊ ယာဉ်နှင့် လှည်းတွင် အသုံးပြုသည့် ဘီးကွပ်ကို လည်းကောင်း သတ်မှတ်ခြင်း၊ ယင်းသတ်မှတ်ချက်များကို လိုက်နာခြင်း ရှိ/ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ အကယ်၍ မလိုက်နာပါက ဥပဒေနှင့်အညီ အရေးယူခြင်းဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၈) ဖြစ်ပါတယ်။ အခန်း (၄)၊ ပုဒ်မ ၇(ဈ)အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများပေါ်တွင် အနေးယာဉ်နှင့် တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်း၊ ရပ်နားခြင်းတို့နှင့် စပ်လျဉ်း၍ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ အဆိုပါ စည်းကမ်းချက်များကို လိုက်နာခြင်း ရှိ/ မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ အကယ်၍ လိုက်နာရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူခြင်းဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၉) ဖြစ်ပါတယ်။ အခန်း (၄)၊ ပုဒ်မ ၇(ည)အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများ ပျက်စီးမှုမှ ထိန်းသိမ်းကာကွယ်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏ ထုတ်ပြန် ထားသည့် တားမြစ်ချက်များ၊ ညွှန်ကြားချက်များ၊ အမိန့်များ၊ ထုတ်ပြန် ကြေညာချက်များ၊ သတိပေးချက်များကို လိုက်နာခြင်း ရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းများပြုလုပ်၍ လိုက်နာရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူခြင်းဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၀) ဖြစ်ပါတယ်။ အခန်း (၄)၊ ပုဒ်မ ၇(ဋ)အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများ၏ နယ်နိမိတ်အတွင်း တစ်စုံတစ်ရာ အဆောက်အအုံဆောက်လုပ်ခြင်း၊ လမ်းဖောက် လုပ်ခြင်း၊ ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ကပ်ခြင်းစသည်များကို သက်ဆိုင်ရာဦးစီးဌာန များက စိစစ်ခွင့်ပြုပေးခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၂)မှ(၆၀)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၅၂)မှ(၆၀) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းထွန်းညာဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၆၁) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၇(၅) အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများ ဖြတ်သန်းခကောက်ခံသည့် လမ်း၊ တံတားဂိတ်(Toll Gate)များတွင် ယာဉ်နှင့် ဝန်တင်အလေးချိန်ကို စောင့်ကြည့် စစ်ဆေးသည့်အခါ မရိုးမဖြောင့်သော သဘောဖြင့် လမ်း၊ တံတား (Toll Gate) များကို ရှောင်ကွင်းမောင်းနှင်၍ လမ်းမကြီးပေါ်သို့ ပြန်တက်သည့်ယာဉ်များနှင့် ကုန်ကဲ့ယာဉ်များအား စောင့်ကြည့်စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ အကယ်၍ လိုက်နာရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူခြင်းဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၂) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၇(ဃ)အဖြစ် ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများပေါ်၌ ယာဉ်များ၊ အနေးယာဉ်များ မတော်တဆထိခိုက်မှုများ လျော့နည်းစေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်စေခြင်း ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၃) ဖြစ်ပါတယ်။ မူလအခန်း(၄)၊ ပုဒ်မ ၈ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၆၄) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၉ ကို ပုဒ်မ ၈ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၆၅) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၈ အဖြစ် လမ်းများ၊ တံတားများတည်ဆောက်ခြင်းများသည် စည်ပင်သာယာနယ်နိမိတ်အတွင်းဖြစ်ပါက စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၆၁)မှ(၆၅)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန်အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၆၁)မှ(၆၅)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းထွန်းညာဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၆၆) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၁၀ ကို ပုဒ်မ ၉ အဖြစ်၊ ပုဒ်မ ၁၁ ကို ပုဒ်မ ၁၀ အဖြစ်၊ ပုဒ်မ ၁၂ ကို ပုဒ်မ ၁၁ အဖြစ်၊ ပုဒ်မ ၁၃ ကို ပုဒ်မ ၁၂ အဖြစ်၊ ပုဒ်မ ၁၄ ကို ပုဒ်မ ၁၃ အဖြစ်၊ ပုဒ်မ ၁၅ ကို ပုဒ်မ ၁၄ အဖြစ်၊ ပုဒ်မ ၁၆ ကို ပုဒ်မ ၁၅ အဖြစ်၊ ပုဒ်မ ၁၇ ကို ပုဒ်မ ၁၆ အဖြစ်၊ ပုဒ်မ ၁၈ ကို ပုဒ်မ ၁၇ အဖြစ် ၊ ပုဒ်မ ၁၉ ကို ပုဒ်မ ၁၈ အဖြစ်၊ ပုဒ်မ ၂၀ ကို ပုဒ်မ ၁၉ အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ်(၆၇) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၉ အဖြစ် အသုံးပြုခ ပေးဆောင်ခြင်းများကို ပုဒ်မ ၅ (ဃ) အရ ကင်းလွတ်ခွင့်ပြုထားသည့် ယာဉ်များမှအပ မည်သူမျှ အသုံးပြုခ ပေးဆောင်ရန် ပျက်ကွက်ခြင်းမရှိစေရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၈) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၁၀ အဖြစ် အသုံးပြုခကို ပြည်ထောင်စု အစိုးရ သို့မဟုတ် ပြည်နယ်အစိုးရမှ ခွင့်ပြုထားသော ကောက်ခံခွင့်ရှိသူမှအပ မည်သူမျှ ဝင်ရောက်ကောက်ခံခြင်းမပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၉) ဖြစ်ပါတယ်။ အခန်း (၅)၊ ပုဒ်မ ၁၂ အဖြစ် မည်သူမျှ ပြည်နယ်အတွင်းရှိ ဖြတ်သန်းခ ကောက်ခံသည့်လမ်း၊ တံတား (Toll Gate)များအား ရှောင်ကွင်းမောင်းနှင်၍ လမ်းမကြီးပေါ်သို့ ပြန်တက်ခြင်း၊ တန်ပိုတင်ဆောင်လာ၍ ယာဉ်ငယ်များဖြင့် ကုန်ကဲ့၍ စည်းကမ်းဖောက်ဖျက်ခြင်း တို့ကိုမပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၇၀)ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၁၃ အဖြစ် မည်သူမျှ အများပြည်သူ သွားလာနေသည့်လမ်းများ၊ တံတားများပေါ်တွင် အနှောင့်အယှက် ဖြစ်စေခြင်း၊ ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း ဖြစ်စေရန်အတွက် မည်သည့်ကိစ္စရပ်မျိုးမျှ မပြုရဟု ဖြည့်စွက်ပြင်ဆင် သင့်ပါတယ်။

အမှတ်စဉ်(၇၁) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၁၄ အဖြစ် တာဝန်ရှိသူမှအပ မည်သူမျှ မသွားရ၊ မလာရ၊ မရပ်ရ၊ မနားရဟု တားမြစ်ကန့်သတ်ထားသော လမ်း၊ တံတား နယ်နိမိတ်

အတွင်း ယာဉ်များ၊ အနေးယာဉ်များသွားလာခြင်း၊ ထားရှိခြင်း၊ ရပ်နားခြင်းနှင့် မည်သူမျှ တိရစ္ဆာန်များ ထိန်းကျောင်းခြင်း၊ လွှတ်ကျောင်းခြင်း မပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၇၂) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၁၅ အဖြစ် မည်သူမျှ လမ်းများ၊ တံတားများပေါ်တွင်လည်းကောင်း၊ လမ်းတံတား နယ်နိမိတ်အတွင်းတွင်လည်းကောင်း၊ လူသွားစင်္ကြံလမ်းတွင်လည်းကောင်း၊ တံတားအောက်ရှိ ရေစီးရေလာမြောင်းပေါ်တွင်လည်းကောင်း ပိတ်ဆို့၍ မည်သည့်အရာဝတ္ထု တစ်ခုခုကိုမျှ ခင်းကျင်းခြင်း၊ ဈေးရောင်းချခြင်း၊ ကျူးကျော်အသုံးပြုခြင်းမပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၇၃) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၁၆ အဖြစ် မည်သူမျှ လမ်းများ၊ တံတားများနှင့် လမ်းတံတားနယ်နိမိတ်အတွင်းတွင်လည်းကောင်း၊ တံတားအောက်တွင်လည်းကောင်း၊ အမှိုက်၊ မိလ္လာ၊ အညစ်အကြေး၊ ပတ်ဝန်းကျင်ထိခိုက်စေသော အရာဝတ္ထု၊ လက်နက်၊ ခဲယမ်း၊ ပေါက်ကွဲစေတတ်သောပစ္စည်းများကို လွှင့်ပစ်ခြင်း၊ စွန့်ပစ်ခြင်း၊ ထားရှိခြင်း မပြုရဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၇၄) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ၁၇ အဖြစ် မည်သူမျှ ကိုယ်ပိုင်လမ်း၊ ကိုယ်ပိုင်တံတားများကို သက်ဆိုင်ရာဦးစီးဌာနများ၏ သဘောတူ ခွင့်ပြုချက် မရှိဘဲ တည်ဆောက်ခြင်း မပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၇၅) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၁၈ အဖြစ် မည်သူမျှ သက်ဆိုင်ရာ ဦးစီးဌာနများ၏ ခွင့်ပြုချက်မရှိဘဲ လမ်း၊ တံတားနယ်နိမိတ်အတွင်းမှ မြေ၊ သဲ၊ ဖြုန်း၊ ကျောက်စရစ်၊ ကျောက်များကို တူးဆွခြင်း၊ တူးယူခြင်း၊ စုပ်ယူခြင်း၊ ဖယ်ရှားခြင်း၊ မြေအနေအထား ပြောင်းလဲစေခြင်း၊ မူလလမ်းထက်မြင့်သော လမ်းခင်းခြင်း၊ တံတား တည်ဆောက်ခြင်း၊ မြေ၊ ကျောက်၊ သဲ စသည်များ စုပုံထားခြင်း၊ ဘောင်ခတ်ခြင်းများ မပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၆၆)မှ(၇၅)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၆၆)မှ(၇၅) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏

အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းထွန်းညဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၇၆) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၁၉ အဖြစ် မည်သူမျှ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ လမ်းများ၊ တံတားများပေါ်တွင် စာရေးသားခြင်း၊ သင်္ကေတ အမှတ်အသားများပြုလုပ်ခြင်း မပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၇၇) ဖြစ်ပါတယ်။ မူလအခန်း(၅)၊ ပုဒ်မ ၂၁ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၇၈) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၂၂ ကို ပုဒ်မ ၂၀ အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ်(၇၉) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၂၀ အဖြစ် မည်သူမျှ လမ်းများ၊ တံတားများ၏ သတ်မှတ်ခံနိုင်ဝန် အလေးချိန်ထက်ပိုမို၍ သယ်ယူဖြတ်သန်းခြင်းမပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၈၀) ဖြစ်ပါတယ်။ ပုဒ်မ ၂၃ ကို ပုဒ်မ ၂၁ အဖြစ် ၊ ပုဒ်မ ၂၄ ကို ပုဒ်မ ၂၂ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၈၁) ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၂၁ အဖြစ် မည်သူမဆို ပုဒ်မ ၉၊ ၁၀ နှင့် ၁၁ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးလအထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်ငါးသောင်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်ဟုဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၈၂) ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၂၂ အဖြစ် မည်သူမဆို ပုဒ်မ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈ နှင့် ၁၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၆)လအထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊

အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်နိုင် သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၇၆)မှ(၈၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၇၆)မှ(၈၂) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းထွန်းညဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၈၃) ဖြစ်ပါတယ်။ မူလအခန်း(၆)၊ ပုဒ်မ ၂၅ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၈၄)ဖြစ်ပါတယ်။ မူလအခန်း(၆)၊ ပုဒ်မ ၂၆ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၈၅) ဖြစ်ပါတယ်။ အခန်း (၆)၊ ပုဒ်မ ၂၇ ကို ပုဒ်မ ၂၃ အဖြစ် ၊ ပုဒ်မ ၂၈ ကို ပုဒ်မ ၂၄ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၈၆) ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၂၃အဖြစ် မည်သူမဆို ပုဒ်မ ၂၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၃)နှစ် အထိထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံးကျပ်သိန်း ငါးဆယ်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့် ပါတယ်။

အမှတ်စဉ်(၈၇)ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၂၄ အဖြစ်-

(က) မည်သူမဆို မိမိပြုလုပ်မှုကြောင့် လမ်းများ၊ တံတားများ ထိခိုက်ပျက်စီး ဆုံးရှုံးမှု အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက ယင်းကိစ္စအတွက် နစ်နာကြေး သို့မဟုတ် လျော်ကြေးငွေကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးလျော်ရန် တာဝန်ရှိသည်။

(ခ) ပုဒ်မ ၂၄(က)ပါ ပြဋ္ဌာန်းချက်ကို ပြစ်မှုကျူးလွန်သူက လိုက်နာ ဆောင်ရွက်ခြင်းမရှိပါက ဤဥပဒေအရ ရရန်ရှိသော နစ်နာကြေးနှင့် လျော်ကြေးငွေများကို သက်ဆိုင်ရာ ဝန်ကြီးဌာနသည် မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

(ဂ) တရားစွဲဆိုခြင်းအတွက် ကုန်ကျစရိတ်ကို ပြစ်မှုကျူးလွန်သူ ကျခံစေရမည်။

ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၈၈) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၂၉ ကို ပုဒ်မ ၂၅ အဖြစ်၊ ပုဒ်မ ၃၀ ကို ပုဒ်မ ၂၆ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၈၉) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၂၅ အဖြစ်-

(က) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုသည် မိမိဌာန အဖွဲ့အစည်း၏ လုပ်ငန်းလိုအပ်ချက်အရ လမ်း၊ တံတားများကို ဖြတ်သန်း၍ မြေပေါ်၊ မြေအောက် ပိုက်လိုင်းဆက်သွယ်ခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်း ဆက်သွယ်ခြင်း၊ ကြေးနန်းလိုင်း ဆက်သွယ်ခြင်း သို့မဟုတ် မြောင်းဖောက်လုပ်ခြင်း၊ မြေအောက်သတ္တုတွင်းများ တူးဖော်ခြင်းနှင့် ဥမင်လိုဏ်ခေါင်းလမ်းများ ပြုလုပ်လိုပါက သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ညှိနှိုင်းသဘောတူညီချက်များ ရယူရမည်၊

(ခ) သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ကြိုးဝိုင်းသစ်တောများ၊ ကြိုးပြင်ကာကွယ်တော၊ သစ်တောနယ်မြေ၊ အစုအဖွဲ့ပိုင် သစ်တောနယ်မြေများအတွင်း လမ်းများ၊ တံတားများကို ဖောက်လုပ်တည်ဆောက်ပါက အဆိုပါ သက်ဆိုင်ရာ ဝန်ကြီးဌာန သို့မဟုတ် အစုအဖွဲ့၏ အဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်း သဘောတူညီချက်များရယူရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၉၀)ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၂၆ အဖြစ် ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၉၁) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၂၇ အဖြစ် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့် လုပ်ငန်းတာဝန်ယူ ဆောင်ရွက်သော ကော်မတီဝင်များ သို့မဟုတ် ဝန်ထမ်းများအပေါ် ပြစ်မှုကြောင်းအရ ဖြစ်စေ၊ တရားမကြောင်းအရ ဖြစ်စေ အရေးယူခြင်း မရှိစေရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၉၂) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၃၁ ကို ပုဒ်မ ၂၈ အဖြစ်၊ ပုဒ်မ ၃၂ ကို ပုဒ်မ ၂၉ အဖြစ်၊ ပုဒ်မ ၃၃ ကို ပုဒ်မ ၃၀ အဖြစ်၊ ပုဒ်မ ၃၄ ကို ပုဒ်မ ၃၁ အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ်(၉၃) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၂၈ အဖြစ် မြို့ရွာများကို ဖြတ်သန်း ဖောက်လုပ်တည်ဆောက်သည့် သို့မဟုတ် ပြုပြင်မွမ်းမံ၊ တိုးချဲ့သည့် လမ်းများ၊ တံတားများ၏ လမ်းနယ်နိမိတ်ကို သတ်မှတ်ရာ၌ မြို့တွင်း၊ ရွာတွင်း၊ လူနေအိမ် ၊ အဆောက်အအုံများ၏ တည်ရှိမှု အခြေအနေ၊ ဖောက်လုပ်ပြီးစီးမည့် အချိန်ကာလ၊ မြို့ပြဖွံ့ဖြိုးမှုအခြေအနေ၊ အခြား တည်ဆဲဥပဒေများ၏ အကျိုးသက်ရောက်မှုများကိုပါ ဆင်ခြင်စဉ်းစား၍ သတ်မှတ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၈၃)မှ(၉၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၈၃)မှ(၉၃) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းထွန်းညာဏ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၉၄) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၂၉ အဖြစ် လမ်းတံတား အဟောင်းများကို ပြန်လည်ပြုပြင်မွမ်းမံခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနသည် ပြည်သူတို့၏ ဘဝလုံခြုံရေး အတွက် တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်သွားရမည်ဟု ဖြည့်စွက်ပြင်ဆင် သင့်ပါတယ်။

အမှတ်စဉ်(၉၅) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ၃၀ အဖြစ် လမ်းများ၊ တံတားများကို ဆောင်ရွက်သွားရာတွင် ခေတ်မီနည်းစနစ်များကို အသုံးပြုဆောင်ရွက်ရန်ဖြစ်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၉၆) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၃၁ အဖြစ် ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် ပြုလုပ်ကြသည့် လမ်းများ၊ တံတားများကို ဖောက်လုပ်တည်ဆောက်ပါက သက်ဆိုင်ရာ ဝန်ကြီး ဌာနများသို့ ခွင့်ပြုချက် တင်ပြတောင်းခံပြီး ခွင့်ပြုချက်ရှိမှသာ ဆောင်ရွက်ရမည်ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၉၇) ဖြစ်ပါတယ်။ မူလအခန်း (၇)၊ ပုဒ်မ ၃၅ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၉၈) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၃၂ အဖြစ် ပုဒ်မ ၂၀ ပါ တားမြစ်ချက်မှအပ ကျန်တားမြစ်ချက်ဆိုင်ရာ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာဝန်ကြီးဌာနက စီမံခန့်ခွဲမှုနည်းလမ်းအရ သတ်မှတ်ထားသည့် နှုန်းထားများ အတိုင်းဌာနမှ တာဝန်ပေးအပ် ထားသောပုဂ္ဂိုလ်မှ ဒဏ်ငွေချမှတ်နိုင်သည် သို့မဟုတ် တရားစွဲဆိုနိုင်သည်ဟု ဖြည့်စွက်သင့် ပါတယ်။

အမှတ်စဉ်(၉၉) ဖြစ်ပါတယ်။ အခန်း (၇)၊ ပုဒ်မ ၃၆ ကို ပုဒ်မ ၃၃ အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ်(၁၀၀) ဖြစ်ပါတယ်။ အခန်း (၇)၊ ပုဒ်မ ၃၃ အဖြစ် ဤဥပဒေပါ ပြဋ္ဌာန်းချက် များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

( ခ) ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင် သည်။

ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၉၄)မှ(၁၀၀)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၉၄)မှ (၁၀၀) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (တတိယနေ့) (၃၀.၅.၂၀၁၈)ရက်၌ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်း တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ် လမ်းများ၊ တံတားများဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်မှ ဆုံးဖြတ်ထားသည့်အတိုင်း လွှတ်တော်က အတည်ပြုရန် သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

လွှတ်တော်က သဘောတူသည့်အတွက် ရှမ်းပြည်နယ် လမ်းများ၊ တံတားများဥပဒေ (မူကြမ်း) တစ်ရပ်လုံးကို လွှတ်တော်မှ ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။